## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၈/ ၂၀၂၀)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၀) ကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၈ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၄)ခု၊ အတည်ပြုလုပ်ငန်း (၁၀)ခု စုစုပေါင်း (၁၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၄)ခု၊ အတည်ပြုလုပ်ငန်း (၂)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၄)ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၇၃.၀၈၄) သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၈,၇၈၀)ဦး ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း (၁၄)ခု မှာ စက်မှု ကဏ္ဍမှ (၁၁)ခု၊ အခြားကဏ္ဍမှ (၂) ခု နှင့် လယ်ယာကဏ္ဍမှ (၁) ခု ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇွန်လ (၁၈) ရက်နေ့ အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၈၉)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၃,၂၂၈.၃၅၀) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄,၃၀၇.၀၇၅) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇွန်လ (၁၈) ရက်နေ့ အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၉၃.၀၅၇) သန်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇွန်လ (၁၈) ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၄၀၀.၁၃၂) သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၃)ခု နှင့် အတည်ပြုလုပ်ငန်း (၆)ခု စုစုပေါင်း လုပ်ငန်း (၉)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၃)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁၅.၈၃၁) သန်း အပါအဝင် ကျပ် (၇၁,၂၃၄.၄၄၉) သန်း ဖြစ်ပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၉၄၂) ဦးကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း (၉)ခုမှာ စက်မှုကဏ္ဍမှ (၆) ခု၊ အခြားကဏ္ဍမှ (၂) ခုနှင့် ဟိုတယ်ကဏ္ဍမှ (၁) ခုတို့ ဖြစ်ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ဇွန်လ (၁၈) ရက်နေ့ အထိ မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၈၇)ခု၊ အမေရိကန်ဒေါ်လာ (၁၈၉.၄၀၈)သန်း အပါအဝင် ကျပ် (၁,၁၀၁,၆၀၃.၁၄၅) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၂၈၄.၇၆၉) သန်း အပါအဝင် ကျပ် (၁,၃၇၀,၂၂၂.၈၁၅) သန်း ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ (၂၄)ခုမှ မတည်ရင်းနှီးငွေ ပမာဏ အမေရိကန်ဒေါ်လာ (၁၅၂.၁၁၇) မီလီယံ၊ ကျပ်ငွေ (၆၇.၃၁၇) ဘီလီယံဖြင့် လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

Email: dica.ip.mm@gmail.com
Website: www.dica.gov.mm
Phone: 01 658132